အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇ / ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈) ရက်။
၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း (၅) ရက်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်**
**ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**
**တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည့်**
**သဘာပတိမိန့်ခွန်း**

၁။ ယနေ့တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများအားလုံးကို တွေ့မြင်ရတာဝမ်းသာလှပါတယ်။ အားလုံးကျန်းမာ၍ ချမ်းသာကြပါစေ။ ဒီအချိန်အခါမှာ နိုင်ငံရေးကိစ္စများနှင့်ပတ်သက်၍ အရေးကြီးသည့် အချိန်အခါဖြစ်နေပါသဖြင့် နိုင်ငံရေးနှင့်ပတ်သက်၍ စာတမ်း (၂) စောင် ရေးသားထားတာကို တွေ့ကြရမှာဖြစ်ပါတယ်။ တစ်ခုက နိုင်ငံရေးနှင့်ပတ်သက်ပြီး၊ တစ်ခုက အခြေခံဥပဒေကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စ (၂) ရပ်ကို အထူးအလေးထား၍ ဆွေးနွေးကြပါရန် ထပ်မံ၍ အထူးမေတ္တာရပ်ခံအပ်ပါတယ်။

၂။ ဒီဆွေးနွေးချက်တွေပေါ်မှာ အမှီပြုပြီး လာမည့်ရွေးကောက်ပွဲဆိုတာအတွက် ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း အာဏာပိုင်များက တဖက်သတ်ချမှတ်ထားသည့် အခြေခံဥပဒေကို လက်မခံနိုင်ကြောင်းနဲ့ ဒီအခြေခံဥပဒေကို ပြည်သူလူထုက ထောက်ခံစေရန် လုပ်ပုံလုပ်နည်းတွေကို လက်မခံနိုင်ကြောင်း အဖွဲ့ချုပ်က ကြေညာပြီးဖြစ်ပါတယ်။ ဒီကြေညာချက်တွေကို ရုပ်သိမ်းပေးရန် အာဏာပိုင်တို့က ဗဟိုအလုပ်အမှုဆောင် တစ်ဖွဲ့လုံး ခေါ်ပြီး ဖိအားပေးခဲ့တာကို လက်မခံခဲ့ပါ။

၃။ ဒါပေမဲ့ နိုင်ငံရေးမှာ လက်တွေ့ကျနိုင်သမျှ ကျစေရန် ဒီအခြေခံဥပဒေလက်အောက်မှာ ဝင်မလား၊ မဝင်ဘူးလား ဆိုတာကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေနဲ့ ရွေးကောက်ပွဲဥပဒေတို့ကို စောင့်ဆိုင်းရန် လိုအပ်ပါသေးတယ်။ ဒဲ့အပြင် အဖွဲ့ချုပ်က တောင်းဆိုထားတဲ့ –

(၁) ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ စိုင်းညွှန့်လွင်၊ မင်းကိုနိုင်၊ ကိုကိုကြီး တို့အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရေး။
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) အရ ဖွဲ့စည်းပေးမည့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းမည့် ကော်မတီက ပြန်လည်သုံးသပ်ရေး။
(၃) နိုင်ငံရေးအနှစ်သာရ ပြည့်ဝတဲ့ နိုင်ငံရေးဆွေးနွေးရန်ကို ဗိုလ်ချုပ်မျှုးကြီးသန်းရွှေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တို့ ပထမဦးဆုံး တွေ့ဆုံဆွေးနွေးရေး။
(၄) နောက်တဆင့်တွင် တိုင်းရင်းသားလူမျိုးစုများနဲ့ တွေ့ဆုံဆွေးနွေးရေး။

၄။ ဤအချက် (၄) ချက်အပေါ် မည်သို့ ရလဒ်ပေါ်လာမည်ကို စောင့်ကြည်ရမှာလိုပါသေးတယ်လို့ အစီရင်ခံလိုပါတယ်။

၅။ ကိုယ်စားလှယ်တော်များခင်ဗျား ... ကျနော်တို့နိုင်ငံရဲ့ ပထဝီဝင်အနေအထားအရလည်းကောင်း၊ လူမျိုးစုများနေထိုင်ကြပုံ အခြေအနေအရလည်းကောင်း၊ ကိုးကွယ်မှုဘာသာ၊ ပြောဆိုသည့်စကား ယဉ်ကျေးမှု အစရှိသည့် အခြေအနေများကြောင့် မြန်မာ့နိုင်ငံရေးမှာ တိုင်းရင်းသားလူမျိုးစုများ ပါဝင်ဆောင်ရွက်လာမှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာမည်ဖြစ်သည်ကို ကိုယ်စားလှယ်တော်ကြီးများ အသိဖြစ်ပါသည်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးပွဲမှာ တိုင်းရင်းသားလူမျိုးစု အလှာအသီးသီး မလွဲမသွေ ပါဝင်ရမည်ဖြစ်ပါကြောင်း။

၆။ ဤသို့ အထက်တွင် ကျနော်အစီရင်ခံခဲ့သည်များအတွက် ကိုယ်စားလှယ်ကြီးများ၏ အကြံဉာဏ်များအပေါ် မူတည်၍ နောင်ရွေးကောက်ပွဲကိစ္စကို အဆုံးအဖြတ်ပေးပါရစေဟု ပြောကြားပါရစေ။ "အလျင်လိုလျှင် အနှေးဖြစ်တတ်သည်" ဟူသော စကားပုံကို လက်ခံကြလျက် အဖွဲ့ဝင်တွေရဲ့ စိတ်နေသဘောထားများကို ကျနော်ခန့်မှန်းမိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါသည်။